ဘန္တေ တိသရဏေန သဟ”စသော သရဏဂုံ **သီလတော်င်းကို** ဆိုလေ့ရှိကြသည်။]

**ပစ္စဝေက္ခဏာ ပါဠိအနက်**
**စီဝရ ပစ္စဝေက္ခဏာ**

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဟိရိကောပီနပ္ပဋိစ္ဆာဒနတ္ထံ။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ (ပဋိသင်္ခါယ)၊ ပညာဖြင့်ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်နိုင်ရုံ အကျိုးငှါသာလျှင်။ ဍံသ မကသ ဝါတာတပ သရီသပ-သမ္ဖဿာနံ၊ မှက် ခြင် လေ နေပူ မြွေ ကင်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်နိုင်ရုံအကျိုးငှါသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဟိရိကောပီနပ္ပဋိစ္ဆာဒနတ္ထံ ဧဝ၊ ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းနိုင်ရုံ အကျိုးငှါသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

---

**ဝိသုဒ္ဓိမဂ်**။ ။ဥဏှဿာတိ အဂ္ဂိသန္တာပဿ။အာတပေါတိ သူရိယာ-တပေါ။ သရီသပါတိ သပ္ပါဒယော။(သပ္ပါဒယောတိ သပ္ပ သတပဒိ ဥဏ္ဏနာဘိ သရဗူ ဝိစ္ဆိကာဒယော၊ဋီကာ)ဟိရိကောပီနန္တိ တံ တံ သမ္ဗာဓဋ္ဌာနံ။ ဤအဖွင့်များကို မှီ၍ အနက်ပေးထား၏။